# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# e-Government လုပ်ငန်းတွင်အသုံးပြုရန် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း

# (တင်ဒါစည်းကမ်းများ)

၁။ တင်ဒါလျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားပိုင် ဖြစ်ရမည်။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။ တင်ဒါလျှောက်ထားသည့်ကုမ္ပဏီ/အဖွဲ့အစည်းမှ လွှဲအပ်ထားသည့် ကိုယ်စားလှယ်သည် ကိုယ်ရေးအချက်အလက် အပြည့်အစုံကို လိုင်စင်ဓါတ်ပုံ(၃)ပုံနှင့်တကွ ဖော်ပြပါလိပ်စာတွင် အမှန်တကယ် နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း အခိုင်အမာ တင်ပြနိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကဒ်တင်ပြနိုင်ရမည်။ အိတ်ဖွင့်တင်ဒါပါ တွက်ချက်မှုများကို အိတ်ဖွင့် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/ အဖွဲ့အစည်းမှ လုံးဝတာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ တာဝန်ဖြစ်ပါသည်။)

၂။ တင်ဒါတင်သွင်းရာတွင် ကုမ္ပဏီများမှ ပေးသွင်းလိုသည့် ပစ္စည်း၏ အချက်အလက်များ Detail Specification of Each နှင့် တင်သွင်းသည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ (ဈေးနှုန်းလွှာမပါ ) ကိုသာ တင်သွင်းရန်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာအား တင်ဒါတင်သွင်းသူများ အားလုံးကို ဖိတ်ခေါ်၍ တင်ဒါရွေးချယ်ပွဲ ပြုလုပ်မည့် နေ့ရက်၌ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်သွင်း ရမည်။ တင်ဒါရွေးချယ်ပွဲသို့ ကုမ္ပဏီမှ အဆုံးအဖြတ်ပေးနိုင်သူ ကိုယ်တိုင်တက်ရောက်ရမည်။

၃။ တင်ဒါခေါ်ယူထားသော ပစ္စည်းများအတွက် ကုမ္ပဏီများမှပေးသွင်းလိုသည့် Type, Model, Brand, Country of Origin စသည်ဖြင့် ပြည့်စုံစွာ ထည့်သွင်းဖော်ပြရပါမည်။ ပစ္စည်း၏အချက်အလက်များ Detail Specification of Each နှင့် တင်သွင်းသည့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက် များ (ဈေးနှုန်းလွှာမပါ) ကို (၃၀.၁၂.၂၀၁၆) ရက် (၁၃၀၀) နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနသို့ တင်သွင်းရမည်။

၄။ တင်ဒါတင်သွင်းရာတွင် ပစ္စည်းပေးသွင်းနိုင်မည့် အချိန်ကာလ အတိအကျ ဖော်ပြထားရမည်။ ကြေးနန်း၊ အမြန်ချောပို့၊ ဖက်စ်တို့ဖြင့် ပေးသွင်းလာသော တင်ဒါတင်သွင်းလွှာများကို လုံးဝလက်ခံလိမ့်မည်မဟုတ်ပါ။

၅။ ဈေးနှုန်းလွှာ၏ ဈေးနှုန်း တည်မြဲမှုကာလသည် တင်ဒါရွေးချယ်သည့် နေ့ရက်မှ (၃) လအတွင်း တည်မြဲမှုရှိစေရမည်။

၆။ Warranty ကာလအဖြစ် (၁) နှစ်အတွင်း ပစ္စည်းများ ပျက်စီးချို့ယွင်းပါက ကုမ္ပဏီမှ တာဝန်ယူ၍ ပြန်လည်ပြင်ဆင်ပေးရပါမည်။ Service ပေးနိုင်မှုနှင့် Warranty ပေးနိုင်မှုရှိရမည်။

၇။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်၊ (၁၃:၀၀) နာရီထက် နောက်ကျရောက်ရှိလာသော အိတ်ဖွင့်တင်ဒါများကို e-Government ဆိုင်ရာပစ္စည်းဝယ်ယူရေး အဖွဲ့မှ လုံးဝစဉ်းစားမည် မဟုတ်ပါ။

၈။ ဈေးပြိုင်စာရင်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်ပုံစံအတိုင်း လုပ်ငန်းအလိုက် ခန့်မှန်းတွက်ချက်မှုများ ပူးတွဲလျက် တင်သွင်းရမည်။ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် မကိုက်ညီသော ဈေးပြိုင်တင်သွင်းသူများကို လုံးဝလက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ တင်ဒါရွေးချယ်အတည်ပြုခြင်းခံရသည့် ကုမ္ပဏီသည် စာချုပ်ချုပ်ဆိုပြီးနောက် (၂) ပတ်အတွင်း စာချုပ် တန်ဖိုး၏ (၁၀%) အား Performance Bank Guarantee အဖြစ် ပေးသွင်းရမည်။ ပေးသွင်းပြီးကြောင်း ပြေစာကို (၁၄) ရက်အတွင်း တင်ပြရမည်။ စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်း ပြီးပြတ်ပါ က အဆိုပါ အာမခံငွေ (၁၀%) ကို ပြန်လည်ထုတ်ပေးပါမည်။

၁၀။ စာချုပ်ချုပ်ဆိုပြီး (၄၅) ရက်အတွင်း ပစ္စည်းပေးသွင်းနိုင်ရမည်။ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ/မရှိ e-Government ဆိုင်ရာပစ္စည်းဝယ်ယူရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။ Delivery Date အား စာချုပ်ပါ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရန်နှင့် အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ သက်တမ်း တိုးမြှင့်ပေးမည်မဟုတ်ပါ။

၁၁။ ဈေးပြိုင်စာရင်း တင်သွင်းစဉ်က ဖော်ပြခဲ့သည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် အရည်အသွေးအတိုင်း ပေးသွင်းရမည်။ အကယ်၍ မမှန်ကန်သောပစ္စည်းများ ဖြစ်ပါကလည်းကောင်း၊ တင်ပြထားသော အရည်အသွေးထက် လျော့နည်း၍သော်လည်းကောင်း ပေးသွင်းပါက ပစ္စည်းပေးသွင်းမှုကို လက်ခံမည်မဟုတ်ဘဲ အခြားသင့်လျော်သူထံမှ ပစ္စည်းပေးသွင်းမှုကို လက်ခံမည်ဖြစ်သည့်အပြင် အာမခံ ငွေ (၁၀%) ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေအဖြစ် သိမ်းယူမည်ဖြစ်သည်။

**အာမခံနှင့် ငွေပေးချေခြင်း**

၁၂။ ငွေပေးချေမှုအား ချက်လက်မှတ်ဖြင့် ပေးချေမည်ဖြစ်ပြီး ပစ္စည်းပေးသွင်းမှု (၁၀၀%) ပြီးစီးပါက အပြီးပေးချေပါမည်။ ထိုသို့ပေးချေရာတွင် နိုင်ငံတော်သို့ပေးချေရမည့် ဝင်ငွေခွန် ၂% (Withholding Tax)၊ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ပေးသွင်းရမည်။ တင်ဒါအောင်မြင် ၍ စာချုပ်ချုပ်ဆိုရန် ရွေးချယ်ခြင်းခံရပါက တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွင် စာချုပ်တန်ဖိုး၏ (၁%) (သို့မဟုတ်) ပစ္စည်းတန်ဖိုးသည် ကျပ်သိန်း (၁၅၀) နှင့်အထက်ဖြစ်ပါက ကျပ်(၁၅၀၀၀၀/-) တန်အခွန် တံဆိပ်ခေါင်းကပ်ရန် ဆောင်ရွက်ပေးရမည်။ အခွန်ပေးဆောင်ရာတွင် တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၃။ တင်သွင်းသည့်ပစ္စည်းများ နှင့်ပတ်သက်၍ စာရင်းစစ်ချုပ်ရုံး၏ ငွေသုံးစွဲမှု မှန်ကန်ကြောင်းကို ရွေးချယ်ခံရသူ ကုမ္ပဏီ/အဖွဲ့အစည်းမှ ပြီးပြတ်သည်အထိ အစစ်ဆေးခံနိုင်ရမည်။

၁၄။ သတ်မှတ်ရက်အတွင်း မပေးသွင်းနိုင်ပါက (၁) ရက်လျှင် ပေးသွင်းရန်ကျန် ပစ္စည်းတန်ဖိုး၏ (၀.၀၁%) ကို ပေးသွင်းရမည်။

၁၅။ တင်ဒါအောင်မြင်သူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက e-Government ဆိုင်ရာပစ္စည်းဝယ်ယူရေးအဖွဲ့သည် ဈေးပြိုင်တင်သွင်းလွှာကို ပယ်ဖျက်မည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် နာမည်ပျက်စာရင်း ကြေညာခြင်းခံရမည်ဖြစ်သည့်အပြင် တည်ဆဲဥပဒေများအရ တရားစွဲဆိုခြင်းခံရမည်။

၁၆။ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်ပြရာတွင် အောက်ပါအချက်အလက်များအား ပူးတွဲတင်ပြရမည် -

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ။

(ခ) ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ။

(ဂ) ကုမ္ပဏီ/အဖွဲ့အစည်း ကိုယ်စားလှယ်လွှဲစာ။

(ဃ) အဆိုပြု ပစ္စည်းများ၏ အသေးစိတ်တန်ဖိုးတွက်ချက်မှုစာရင်း။

(င) ကုမ္ပဏီ၏ (၃) နှစ်အတွင်း ငွေကြေးဆိုင်ရာ အချက်အလက်များ။

**မှတ်ချက်**။ 4 (T) / e-NPTDC / 2016-2017 တင်ဒါတွင် Notebook ဦကပ်ရန် Serial Number (၁၂)ခုအတွက် (၁၀၀,၀၀၀/-)ကို ထည့်သွင်းတွက်ချက်ရန်။

**e-Government ဆိုင်ရာပစ္စည်းဝယ်ယူရေးအဖွဲ့**

[တင်ဒါတင်သွင်းရာတွင် ပေးပို့လျှောက်ထားရမည့် လျှောက်လွှာပုံစံ (ဈေးနှုန်းလွှာမပါ)]

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**e-Government လုပ်ငန်းတွင်အသုံးပြုရန် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါ (Open Tender)**

၁။ လုပ်ငန်းအမည် ——————————————

၂။ တင်ဒါသွင်းသူ အမည်/ရာထူး ——————————————

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ——————————————

၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ——————————————

၅။ ကုမ္ပဏီအဖွဲ့အစည်း အမည်၊ လိပ်စာနှင့် ——————————————

ဆက်သွယ်ရန်ဖုန်း၊ e-mail လိပ်စာ ——————————————

——————————————

၆။ လုပ်ငန်းဆောင်ရွက်မည့်အချိန်ကာလ ——————————————

၇။ ကုမ္ပဏီများမှပေးသွင်းလိုသည့် Type, Model, Brand, Country of Origin စသည်ဖြင့် Specification များအား ပြည့်စုံစွာ သီးခြားတင်ပြထားပါသည်။

၈။ တင်ဒါစည်းကမ်းချက်များကို တိကျစွာလိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

**တင်ဒါတင်သွင်းသူ**

လက်မှတ် ..........................................................

အမည် ..........................................................

မှတ်ပုံတင်အမှတ် ..........................................................

**[တင်ဒါတင်သွင်းရာတွင် ပေးပို့လျှောက်ထားရမည့် လျှောက်လွှာပုံစံ (ဈေးနှုန်းလွှာမပါ)]**

## အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာ

အမှတ်စဉ်-

သို့

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်

လူကြီးမင်းခင်ဗျာ/ရှင့်

၁။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် အိတ်ဖွင့်တင်ဒါတင်သွင်းသူကို ညွှန်ကြားမှုများဆိုင်ရာ စာရွက်စာတမ်းများ အိတ်ဖွင့်တင်ဒါ ပုံစံ BQ၊ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ဖတ်ရှုသိရှိနားလည်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်အားလုံး ထည့်သွင်းတွက်ချက်ထားပါသည်။

၃။ အကယ်၍ ကျွန်တော်/ကျွန်မ၏ အိတ်ဖွင့်တင်ဒါကို ရွေးချယ်ခံရပါက ဌာနမှ အကြောင်းကြားစာရရှိပြီး (၇) ရက်အတွင်း တရားဝင်စာချုပ်ချုပ်ဆို၍ (၅)ရက်အတွင်း လုပ်ငန်းကိုစတင်ဆောင်ရွက်နိုင်ပါသည်။ ကျွန်တော်/ ကျွန်မတို့သည် ပစ္စည်းပေးသွင်းမှုကို စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ (၄၅) ရက်အတွင်းအပြီး ပေးသွင်းနိုင်ပါသည်။

၄။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းများကို ဖတ်ရှုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူလက်ခံပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်-

လက်မှတ် ..............................................

ဥက္ကဋ္ဌ/အုပ်ချုပ်မှုဒါရိုက်တာအမည် ..............................................

ကုမ္ပဏီအမည်/လိပ်စာ ..............................................

(တင်ဒါရွေးချယ်မည့်နေ့တွင် ကိုယ်တိုင်ယူဆောင်လာရမည့် ဈေးနှုန်းလွှာနမူနာပုံစံ)

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**e-Government လုပ်ငန်းတွင်အသုံးပြုရန် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါ (Open Tender)**

၁။ လုပ်ငန်းအမည် ______________________________

၂။ တင်ဒါသွင်းသူ အမည်/ရာထူး ______________________________

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______________________________

၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ______________________________

၅။ ကုမ္ပဏီအဖွဲ့အစည်း အမည်၊ လိပ်စာနှင့် ______________________________

ဆက်သွယ်ရန်ဖုန်း၊ e-mail လိပ်စာ ______________________________

______________________________

၆။ အဆိုပြုလုပ်ငန်းတန်ဖိုး (ကျပ်သန်း) ______________________________

၇။ လုပ်ငန်းဆောင်ရွက်မည့်အချိန်ကာလ ______________________________

၈။ ကုမ္ပဏီများမှပေးသွင်းလိုသည့် Type, Model, Brand, Country of Origin စသည်ဖြင့် Specification များအား ပြည့်စုံစွာ သီးခြားတင်ပြထားပါသည်။

၉။ တင်ဒါစည်းကမ်းချက်များကို တိကျစွာလိုက်နာပါမည်ဟု ဂန်ခံကတိပြုပါသည်။

**တင်ဒါတင်သွင်းသူ**

လက်မှတ် ............................................................

အမည် ............................................................

မှတ်ပုံတင်အမှတ် ............................................................

(တင်ဒါရွေးချယ်မည့်နေ့တွင် ကိုယ်တိုင်ယူဆောင်လာရမည့် စျေးနှုန်းလွှာနမူနာပုံစံ)

## အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာ

အမှတ်စဉ်-

သို့

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်

လူကြီးမင်းခင်ဗျာ/ရှင့်

၁။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် အိတ်ဖွင့်တင်ဒါတင်သွင်းသူကို ညွှန်ကြားမှုများဆိုင်ရာ စာရွက်စာတမ်းများ အိတ်ဖွင့်တင်ဒါ ပုံစံ BQ၊ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ဖတ်ရှုသိရှိနားလည်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်အားလုံး ထည့်သွင်းတွက်ချက်ထားပါသည်။

၃။ ကျွန်တော်/ကျွန်မ၏ အပြည့်အစုံတွက်ချက်ထားသည့် အိတ်ဖွင့်တင်ဒါတန်ဖိုးငွေကျပ် ---------------- (ကျပ်ငွေ ------------------------------------------ တိတိ) ဖြစ်ပါသည်။

၄။ အကယ်၍ ကျွန်တော်/ကျွန်မ၏ အိတ်ဖွင့်တင်ဒါကို ရွေးချယ်ခံရပါက ဌာနမှ အကြောင်းကြားစာရရှိပြီး (၇) ရက်အတွင်း တရားဝင်စာချုပ်ချုပ်ဆို၍ (၅)ရက်အတွင်း လုပ်ငန်းကိုစတင်ဆောင်ရွက်နိုင်ပါသည်။ ကျွန်တော်/ ကျွန်မတို့သည် ပစ္စည်းပေးသွင်းမှုကို စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ (၄၅) ရက်အတွင်း အပြီး ပေးသွင်းနိုင်ပါသည်။

၅။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းများကို ဖတ်ရှုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူလက်ခံပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်-

လက်မှတ် ............................................

ဥက္ကဋ္ဌ/အုပ်ချုပ်မှုဒါရိုက်တာအမည် ............................................

ကုမ္ပဏီအမည်/လိပ်စာ ............................................